# ရန်ကုန်နည်းပညာတက္ကသိုလ်

# ဗိသုကာကျောင်းသားများအသင်း

# Association of Architecture Students (AAS)

## အခြေခံမူ

# အခန်း(၁)

## အမည်နှင့် အဓိပ္ပါယ်သတ်မှတ်ချက်

အပိုဒ်(၁)။ ။ ဤအသင်းကိုရန်ကုန်နည်းပညာတက္ကသိုလ်ဗိသုကာကျောင်းသားများအသင်းဟု ခေါ်တွင်ရမည်။

အပိုဒ်(၂)။ ။ အသင်းသည် ရန်ကုန်နည်းပညာတက္ကသိုလ်ဗိသုကာဌာန၏ ကျောင်းသားအဖွဲ့ ဖြစ်သည်။

အပိုဒ်(၃)။ ။ ဤမူပါအောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်းအဓိပ္ပါယ်သက်ရောက် စေရမည်။

(က)ဌာနဆိုသည်မှာ ရန်ကုန်နည်းပညာတက္ကသိုလ် ဗိသုကာဌာနကို ဆိုလိုသည်။

(ခ)ဌာနမှူးများနှင့် ဆရာ၊ဆရာမ များဆိုသည်မှာ ဗိသုကာဌာန ဌာနမှူးနှင့် ဆရာ၊ဆရာမ များကို ဆိုလိုသည်။

(ဂ) ပညာရပ်ဆိုသည်မှာ ဗိသုကာပညာရပ်ကိုဆိုလိုသည်။

(ဃ)ဥက္ကဌ၊ ဒုတိယဥက္ကဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး ၊ စာရင်းစစ်နှင့် အမှုဆောင် ၊ တို့သည် ဤအဖွဲ့၏ ဥက္ကဌ၊ ဒုတိယဥက္ကဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊စာရင်းစစ်နှင့် အမှုဆောင် တို့ကို ဆိုလိုသည်။

(င)အဖွဲ့ဝင်ဆိုသည်မှာ ရန်ကုန်နည်းပညာတက္ကသိုလ် ဗိသုကာကျောင်းသားများ (ဘွဲ့လွန်/ ဘွဲ့ကြို)ကို ဆိုလိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

အပိုဒ်(၄)။ ။အသင်းသည် အောက်ပါတို့ကို ရည်ရွယ်သည်။

(က)ရန်ကုန်နည်းပညာတက္ကသိုလ်ဗိသုကာဌာန၏သမိုင်းကြောင်း၊အစဉ်အလာနှင့်ဂုဏ်သိက္ခာတို့ကို ထိန်းသိမ်းရေးနှင့် တိုးတက်မြှင့်တင်ရေး။

(ခ)ဗိသုကာပညာရပ်နှင့်ကျင့်ဝတ်များကိုကာကွယ်စောင့်ရှောက်ရန်။

(ဂ)ဗိသုကာပညာရပ်ကိုဗိသုကာကျောင်းသားများအချင်းချင်းကြားမျှဝေသိရှိစေရန်။

(ဃ)ပညာရပ်တိုးတက်မြှင့်တင်ရေးနှင့် အတွေးအခေါ်အယူအဆသစ်များကို လက်တွဲ ပူးပေါင်း မြှင့်တင်ရန်။

(င)ပညာရပ်ဆိုင်ရာတိုးတက်မှုအတွက် ဌာနကိုကူညီဆောင်ရွက်ပေးရန်။

(စ)ပညာရပ်ဆိုင်ရာတိုးတက်မှုအတွက်ပြင်ပအဖွဲ့အစည်းများနှင့်ပိုမိုပူးပေါင်း ဆောင်ရွက်ရန်။

အပိုဒ်(၅)။ ။အသင်းသည် အဖွဲ့ဝင်ကျောင်းသား၊ကျောင်းသူများ စုပေါင်းကာ ဗိသုကာ ပညာရပ်နှင့် ပညာရပ်ဆိုင်ရာများအပေါ်တွင်ခေါင်းစဉ်များချမှတ်ပြီးကဏ္ဍအလိုက်ရှုထောင့်အမျိုးမျိုးဖြင့်ဆွေးနွေးမှုပြုကာအတွေးအခေါ် အသိအမြင်များ ဖလှယ်ရန် ဖွံ့ဖြိုးလာစေရန် ရည်ရွယ်သည်။

## အခန်း(၃)

## အသင်းဝင်များဆိုင်ရာ သတ်မှတ်ချက်များ

အပိုဒ်(၆)။ ။ရန်ကုန်နည်းပညာတက္ကသိုလ် မိသုကာ ကျောင်းသား၊ကျောင်းသူတိုင်းသည် အဖွဲ့ဝင်ဖြစ်သည်။

အပိုဒ်(၇)။ ။အသင်းဝင်တိုင်းသည် အသင်းဝင်အသိအမှတ်ပြု စာရွက်စာတမ်းကြေး (၁၀၀၀/-)ကျပ်နှင့် လစဉ်ကြေးအဖြစ်(၂၀၀၀/-)ကျပ် ထည့်ဝင်ရမည်။

# အခန်း(၄)

## အစည်းအဝေးလုပ်ထုံးလုပ်နည်းများ

အပိုဒ်(၈)။ ။အသင်းအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပရမည်။

(က)တစ်လလျှင် တစ်ကြိမ် ပုံမှန်ကျင်းပရမည်။

(ခ)အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌသည် အစည်းအဝေးခေါ်ယူနိုင်သည်။

(ဂ)အစည်းအဝေး အစီအစဉ်များကို လူမှုကွန်ယက်များမှတဆင့် ကြိုတင်ဖြန့်ဝေခြင်းနှင့် မှတ်တမ်းများပြုစုခြင်းတို့ကို ပြုလုပ်ရမည်။


(ဃ)အသင်းဝင်တိုင်းတွင် လွတ်လပ်စွာ မဲပေးပိုင်ခွင့်နှင့် ဆွေးနွေးခွင့်ရရှိစေရေး ဤမူက အာမခံသည်။

အပိုဒ်(၉)။ ။အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်ပါက ဗဟိုအလုပ်အမှုဆောင်များ၏ ဆန္ဒမဲပေးမှု ဖြင့်သာဆောင်ရွက်ရမည်။

# အခန်း(၅)

## ရာထူး၊ တာဝန်များနှင့်ရွေးချယ်ခန့်ထားခြင်းများဆိုင်ရာ ကိစ္စရပ်များ

အပိုဒ်(၁၀)။ ။အသင်းသည် အောက်ပါအတိုင်း ဖွဲ့စည်းတည်ရှိရမည်။




(ခ)ဗဟိုအလုပ်အမှုဆောင်တိုင်းသက်တမ်းသည်(၁)နှစ်ဖြစ်သည်။

အပိုဒ်(၁၁)။ ။(က)ဥက္ကဋ္ဌအဖြစ် အဆိုပြုရာတွင် စတုတ္ထနှစ်မှသည် ဘွဲ့ကြိုနောက်ဆုံးနှစ်ကျောင်းသားများကိုသာ အဆိုပြုခွင့်ရှိသည်။

(ခ)နှစ်အလိုက် EC များမှ အဆိုပြုထားသူအား ကျောင်းသား၊ကျောင်းသူများမှ ဆန္ဒမဲပေးရွေးချယ်ရမည်။

(ဂ)ဥက္ကဋ္ဌသည် မေဂျာဘာသာရပ်များအတွက် သတ်မှတ်ထားသည့် စာမေးပွဲစည်းမျဉ်းများအရနှစ်ကျ အကြွေးကျန်နေသူမဖြစ်စေရ။

အပိုဒ်(၁၂)။ ။ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က)ဥက္ကဋ္ဌသည် အသင်းအခြေခံမူပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ခ)အသင်း၏ ဦးဆောင်သူဖြစ်သည်။

(ဂ)အသင်း၏လုပ်ငန်းများအပေါ် စီမံခန့်ခွဲခြင်းနှင့် အသင်းဝင်များ၏ ဗိသုကာဆိုင်ရာ စိတ်ဝင်စားမှုတွင် တက်ကြွစွာ ပါဝင်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ တာဝန်ပေးအပ်ခြင်း တို့ကို ပြုလုပ်နိုင်သည်။

(ဃ)အသင်းသို့ တိုက်ရိုက်လှူဒါန်းသော ဘဏ္ဍာငွေကြေးများ၏ ပမာဏကို စာရင်းဇယား အတိအကျ

ပြုလုပ်ကာ ဌာနသို့ အသိပေးရမည်။

အပိုဒ်(၁၃)။ ။(က) ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့်မှတ်တမ်းထိန်းသိမ်းရေးမှူး များကို အသင်းဝင်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်။

(ခ) ဥက္ကဋ္ဌသည် နှစ်အလိုက်ကိုယ်စားလှယ်များ၏ သဘောတူညီချက်ဖြင့် ဗဟိုအလုပ်အမှုဆောင်ဦးရေကိုတိုးခြင်း၊ လျှော့ခြင်းနှင့် ပူးတွဲထမ်းဆောင်စေခြင်းတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

အပိုဒ်(၁၄)။ ။(က) ဒုတိယဥက္ကဋ္ဌသည် အသင်း၏လုပ်ငန်းစဉ်များကို ကူညီဆောင်ရွက်ရမည်။

(ခ) ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်သော်လည်းကောင်း၊ ဥက္ကဋ္ဌနေရာလစ်လပ်လျှင်သော် လည်းကောင်း အသင်းလုပ်ငန်းစဉ်များအပေါ် အပြည့်အဝ စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။

အပိုဒ်(၁၅)။ ။ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် နှစ်အလိုက် EC များကို ၎င်းတို့နှစ်အလိုက် ကျောင်းသားများမှ ဆန္ဒမဲပေးရွေးချယ်ရမည်။

အပိုဒ်(၁၆)။ ။အတွင်းရေးမှူးသည် အသင်းတာဝန်များနှင့် ပြင်ပဆက်ဆံရေးတာဝန်များအပြင် သီးခြား ပြဋ္ဌာန်းထားသော တာဝန်များကိုပါ ထမ်းဆောင်ရမည်။

အပိုဒ်(၁၇)။ ။ဘဏ္ဍာရေးမှူးသည် အထွေထွေဘဏ္ဍာရေးဆိုင်ရာစာရင်းများကို တိကျစွာ ကိုင်တွယ်ရမည်ဖြစ်ကာ Semesterတစ်ခုလျှင် တစ်ကြိမ် အလုပ်အမှုဆောင်အဖွဲ့ထံ တင်ပြအစီရင်ခံရမည်။

အပိုဒ်(၁၈)။ ။(က)အသင်းဝင်များ (အမှုဆောင်များ)သည် အသင်းမှဦးဆောင်သော လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ရမည်။

(ခ)အသင်းမှဖိတ်ကြားသော အစည်းအဝေးများကိုလည်း ပုံမှန်တက်ရောက်ရမည်။

(ဂ)အသင်းဝင်များသည် အသင်းတာဝန်ရှိသူများ၏ အသင်းနှင့်ပညာရပ်တိုးတက်ရေး ဆောင်ရွက်ချက်များကို ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

## အခန်း(၆)

## တာဝန်မှဖယ်ရှားခြင်း

အပိုဒ်(၁၉)။ ။(က)ဥက္ကဌ၊ ဒုတိယဥက္ကဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့်မှတ်တမ်းထိန်းသိမ်းရေးမှူးတစ်ဦးဦးသည် တာဝန်ဝတ္တရားပျက်ကွက်ပါက အသင်းဝင်(၅၀) ရာခိုင်နှုန်းမှ စွပ်စွဲပြစ်တင်ကြောင်း အဆိုကို အကြံပေး တစ်ဦးဦးထံ တင်သွင်းရမည်။

(ခ)အကြံပေးမှ အသင်းအစည်းအဝေးခေါ်ယူကာ တက်ရောက်လာသူ အသင်းဝင်များ၏ သုံးပုံနှစ်ပုံဆန္ဒမဲရရှိပါက ဆက်လက်ထမ်းဆောင်ရန်မသင့်ကြောင်း ကြေငြာရမည်။

(ဂ)စွပ်စွဲပြစ်တင်ခံရသူသည် မိမိဘက်မှ ပြန်လည်ထုချေပိုင်ခွင့်ရှိစေရမည်ဟု ဤမူက အာမခံသည်။

(ဃ)စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အဆုံးအဖြတ်အစည်းအဝေးသို့ အသင်းဝင်(၈၀)ရာခိုင်နှုန်း (အနည်းဆုံး) တက်ရောက်ရမည်။

(င)နှစ်အလိုက် EC များအား စွပ်စွဲပြစ်တင်လိုပါက ၎င်း၏ဆိုင်ရာနှစ်မှ ကျောင်းသား၊ကျောင်းသူ(၅၀) ရာခိုင်နှုန်းမှ အကြံပေးတစ်ဦးဦးထံ တင်သွင်းကာ အကြံပေးမှ အဆိုပါနှစ် ကျောင်းသား၊ကျောင်းသူများ၏ (၇၅) ရာခိုင်နှုန်း သဘောတူညီချက်ဖြင့် တာဝန်မှ ရပ်ဆိုင်းကြောင်းကြေငြာကာ EC အသစ်ရွေးချယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

အပိုဒ်(၂၀)။ ။ဥက္ကဌနေရာ လစ်လပ်ပါက အပိုဒ်(၁၁) ပါလုပ်ငန်းစဉ်များအတိုင်း ဆက်လက်လုပ်ဆောင်ရမည်။

အပိုဒ်(၂၁)။ ။အခြားသောနေရာများလစ်လပ်လာပါက အသင်းဝင်များ၏ သဘောတူညီချက်ဖြင့် ဥက္ကဌမှ ခန့်ထားရမည်။

အပိုဒ်(၂၂)။ ။မည်သူမဆို မိမိတင်သွင်းထားသော ကိစ္စရပ်အတွက် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ။

## အခန်း(၇)

## အသင်းဝင်စည်းကမ်းထိန်းသိမ်းရေး

အပိုဒ်(၂၃)။ ။အသင်း၏ လုပ်ငန်းစဉ်တစ်ခုခု မှားယွင်းသွားပါက ဥက္ကဌမှ အသင်းအစည်းအဝေးခေါ်ယူကာ ထိရောက်သော စုံစမ်းစစ်ဆေးမှုနှင့်တကွ အရေးယူမှုပြုရမည်။

အပိုဒ်(၂၄)။ ။အရေးယူမှုပြုခံရသူများသည် မိမိဘက်မှ ထုချေပိုင်ခွင့်ရှိစေရမည်။

အပိုဒ်(၂၅)။ ။အရေးယူမှုအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က)စွပ်စွဲပြစ်တင်ခြင်း

(ခ)အသင်းဝင်အဖြစ်မှ အနည်းဆုံး(၁)လမှ အများဆုံး(၆)လ အထိ ရပ်ဆိုင်းခြင်း

(ဂ)အသင်းဝင်အဖြစ်မှ ရာသက်ပန်ရပ်ဆိုင်းခြင်း

## အခန်း(၈)

## စည်းမျဉ်းများနှင့် ပြင်ဆင်ခြင်း

အပိုဒ်(၂၆)။ ။အသင်း၏မူများကို ပြင်ဆင်ရာတွင် ဥက္ကဌမှ အသင်းဝင်များအစည်းအဝေး ခေါ်ယူကာ အဆိုပြုတင်သွင်းပြီး တက်ရောက်လာသော အသင်းဝင်ဦးရေ စုစုပေါင်း၏(၇၅) ရာခိုင်နှုန်း၏ သဘောတူညီချက်အရ ရေးသား ပြုစုခြင်းနှင့် ပြင်ဆင်ခြင်းပြုနိုင်သည်။

အပိုဒ်(၂၇)။ ။အသင်းမှထုတ်ပြန်သော ကြေငြာချက်များ၊ ပြင်ဆင်သောမူများနှင့် ထပ်မံထုတ်ပြန်သော ဆင့်ပွားစည်းမျဉ်းများ ကို အသင်းဝင်အားလုံးထံ အသိပေးတင်ပြရမည်။

## အခန်း(၉)

## အထူးကိစ္စရပ်များ

အပိုဒ်(၂၈)။ ။အသင်းမှ ဦးဆောင်ကာ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ Semester တစ်ခုလျှင် တစ်ကြိမ် အနည်းဆုံး ပြုလုပ်ရမည်။

အပိုဒ်(၂၉)။ ။အသင်းသည် အောက်ပါကိစ္စရပ်များကို မားမားမတ်မတ် ရပ်တည်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(က)ပညာရပ်ကို ကာကွယ်ခြင်း

(ခ)ကျောင်းသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များအတွက် ဌာနနှင့် တက္ကသိုလ်သို့ တောင်းဆိုအကြံပြုခြင်း

(ဂ)ပညာရပ်သင်ရိုးညွှန်းတမ်းနှင့်ဘာသာရပ်များဆိုင်ရာ ကိစ္စရပ်များအတွက်လိုအပ်ပါကအကြံပြုတောင်းဆိုခြင်း

အပိုဒ်(၃၀)။ ။ဌာနနှင့်ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က)ဌာနမှူးနှင့် ဆရာ၊ဆရာမများသည် အကြံပေးများအဖြစ် ဤအသင်းနှင့် ဌာနကို ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်သည်။

(ခ)ဌာန၏ ပညာရပ်ဆိုင်ရာကိစ္စရပ်များ၊ သင်ရိုးညွှန်းတမ်းနှင့် ဘာသာရပ်ဆိုင်ရာ ကိစ္စများ၊ အခက်အခဲများနှင့် ပြောင်းလဲဆောင်ရွက်ရန်ရှိပါက အသင်းကို အသိပေး၍ ကျောင်းသား၊ကျောင်းသူများ၏ သဘောထားကို တောင်းယူရမည်။

(ဂ)အသင်း၏ ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် ဌာန၊ ရုံးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည်။

(ဃ)အကြံပေးအဖွဲ့တွင် ဌာနမှူး၊ ဆရာ၊ ဆရာမများနှင့် ပြင်ပ ဗိသုကာပညာရှင်များဖြင့် အနည်းဆုံး အဖွဲ့ဝင် (၁၀)ဦးဖြင့် ဖွဲ့စည်းရမည်။